မြင့်ထွန်း



# လူ့အခွင့်အရေး

ခေတ်သစ်လူမှု ကျင့်ဝတ်ဆိုင်ရာ ပြဋ္ဌာန်းချက်

# နိဒါန်း

ဤစာအုပ်သည် ကျွန်ုပ်တို့ မြန်မာ့လူ့ဘောင်အတွက် အလွန်အရေးပါသော "ခေတ်သစ်လူမှု ကျင့်ဝတ်ဆိုင်ရာ ပြဋ္ဌာန်းချက်" စာအုပ်တစ်အုပ် ဖြစ်လေသည် ။ "လူ့အခွင့်အရေး" ဟူသည် လူသား တိုင်းက သိရှိနားလည်ထားပြီး သိရှိနားလည်ထားသည့်အတိုင်း ကျင့်သုံးလိုက်နာကြရန် လူတိုင်း တွင် တာဝန်ရှိသည် ဟု ဆိုရပေမည်။

"လူ့အခွင့်အရေး" ဟူသော သဘောတရားကျင့်ဝတ်ကို မြန်မာ့လူ့ဘောင်အတွင်း ရင်းနှီး ကျွမ်းဝင်ကြသည် မှာ ကာလအားဖြင့် မကြာမြင့်သေး၍ စိမ်းနေဦးမည် ဖြစ်ပေသည် ။ သို့သော် ကမ္ဘာ့ လူသားတို့ အနေဖြင့်မူ ဤလူ့အခွင့်အရေးဟူသောကျင့်ဝတ်ကို သိရှိနားလည်ပြီးဖြစ်သည့်အပြင် တန်ဖိုးထား ကျင့်ကြံဆောင်ရွက်နေကြပြီး ခံစားနေကြရပြီ ဖြစ်လေသည် ။

ကျွန်ုပ်တို့ မြန်မာလူထုအတွင်း၌ မူကား ဘာသာတရားဖြင့်သာ လူ့ကျင့်ဝတ်၊ လူသားတန်ဖိုး ကို သိရှိခံယူကာ လေးစားလိုက်နာကြသူများလည်း ရှိသည် ။ မသိရှိ၊ မလေးစားကြသူများ လည်း ရှိ ပေသည် ။ သို့သော် ဘာသာတရားဖြင့် ပြည့်ဝွန်သော လူ့ကျင့်ဝတ်၊ လူ့တန်ဖိုးမှာ အကြောက်တရား ဖြင့်ပညတ်ကာ လူသားတို့ ကို မလှုပ်ရှားနိုင်စေရန်၊ ရုန်းမထွက်နိုင်စေရန် ထိန်းချုပ်ပေးသည့် သဘောသက်သက်မျှသာ ဖြစ်လေသည် ။

ဤလူ့အခွင့်အရေး ကျင့်ဝတ်တို့ မှာ အကြောက်တရားဖြင့် ထိန်းချုပ်

ထားခြင်းမှ လွတ်ကင်း ကာ အတိတ်တစ်ချိန်က လူသားတို့ ခါးစည်းရင်ဆိုင် ခံစားခဲ့ရသော သုခ၊ ဒုက္ခ အဖြာဖြာတို့ မှ ရုန်းမ ထွက်နိုင်ကြစေရန် အလို့ ငှာ အတိတ်က ဖြစ်ရပ်များကို သင်ခန်းစာယူ၍ မည်သည့်ထိန်းချုပ်၊ ချုပ်ချယ်မှုမှ မပါဝင်စေဘဲ လူသားတို့ ၏ ပစ္စုလက္ခတ် အခြေအနေကို ဆင်ခြင်သုံးသပ်ကာ လူသား အချင်းချင်းက ရေးဆွဲပြဌာန်းပေးသော လက်တွေ့ဆန်သည့် သဘောတရားများ သာ ဖြစ်လေ သည် ။

လူသားတို့ ဒုက္ခအဖုံဖုံ၊ အစုံစုံကို ခါးစည်းရင်ဆိုင်ကာ ခံစားခဲ့ရသော အတိတ်တစ်ချိန်က ဖြစ်ရပ်များ တွင် ဘာသာအယူဝါဒဆိုသည် မှာ လည်း မပေါ်ပေါက်သေး။ ဘာသာအယူဝါဒရှင်များ သည် လည်း လူသားတို့ ရင်ဆိုင်ခံစားခဲ့ရသော ဒုက္ခအစုံစုံတို့ အတွက်လည်း ကယ်တင်စောင့်ရှောက် နိုင်ခြင်းမရှိခဲ့။ သို့သော် ဘာသာအယူဝါဒ ဖွံ့ဖြိုးလာစအချိန်ကပင်လျှင် ယနေ့ လူသားတို့ ကျင့်ကြံ နေကြပြီဖြစ်သော လူ့အခွင့်အရေးဟူသည့် အသုံးအနှုန်းသည် ပေါ်ပေါက်ဖွံ့ဖြိုးနေခဲ့ပေပြီ။ ယင်းအ ချိန်ကပင်လျှင် လူသားတို့ နှုတ်ဖျား၌ လူ့အခွင့်အရေးကျင့်ဝတ်တရားကို တွင် တွင် ကျယ်ကျယ် သုံး နှုန်းပြောဆိုနေခဲ့ကြလေပြီဖြစ်လေသည် ။

သို့ကြောင့် ဤမည်သော လူ့အခွင့်အရေးဟူသည့် ကျင့်ဝတ်သည် လူသားတို့ အတွက် လက်တွေ့ဆန်သော၊ ဘာသာအယူဝါဒအရ စည်းရုံးသိမ်းသွင်းမှု မပါဝင်သော “ကမ္ဘာ့လူသားပဓါန ဝါဒ” သတ်သတ်မျှသာ ဖြစ်လေသည် ။

ဤလူ့အခွင့်အရေးဟူသော ကျင့်ဝတ်သည် ဥရောပတိုက်အလယ်ပိုင်းမှ စတင်သန္ဓေတည် ပေါက်ဖွားရှင်သန်လာပြီး ယနေ့အချိန်အခါတွင် ကမ္ဘာတစ်ဝှမ်းလုံး၌ ကျင့်ကြံပွားများအား ထုတ်ဖွယ် ဖြစ်သော လူသားကျင့်ဝတ်အဖြစ် “ခါးဝတ်ပုဆိုး” ကဲ့သို့ လ

က်တွေ့ကျင့်ကြံပွားများ နေကြရာ ဘာသာအယူဝါဒထက် ပို၍ လေးစားလိုက်နာကြသည် ကို မျက်ဝါးထင်ထင် တွေ့မြင်နေကြရပြီ ဖြစ် လေသည် ။ လူ့အခွင့်အရေးမှ ပေးစွမ်းသော “လူသားပဓာနဝါဒ” ဖြစ်တည်ရှင်သန်ရေးသည် လူသားများကို မေတ္တာဖြင့်ယှဉ်၍ တိုက်တွန်းသည် ဖြစ်ရာ လူသားများက ပို၍ ပင် အလေးအနက် ထားကာ လေးစားလိုက်နာကြသည် ကို တွေ့ရှိရပေသည် ။

ဤလူ့အခွင့်အရေးက “လူသားတို့ ၏ လူသားစိတ်ဓာတ်” ကို ပေါ်လွင်ထင်ရှားစေရန် ပို၍ တွန်းအားပေးသည် ဖြစ်ရာ လူသားတစ်ဦးက လူသားဖြစ်နေခြင်းအပေါ် ပို၍ အလေးအနက်ထား ကြောင်းကိုလည်း ထင်ဟပ်ပေါ်လွင်စေသည် ။ ထို့ကြောင့် လူသားတိုင်းက လူ့အခွင့်အရေးဟူသော တန်ဖိုးကို ပို၍ နားလည်ပြီး မိမိလွတ်လပ်ခွင့်ကို ရယူသုံးစွဲနိုင်ကာ လူနှင့်လူ့ပတ်ဝန်းကျင်ကို ပို၍ လေးစားတန်ဖိုးထားတတ်စေရန် ဤလူ့အခွင့်အရေးကြေညာချက်စာတမ်းပါ အချက်များက သိမ်း သွင်းခေါ်ဆောင်သွားလိမ့်မည်ဖြစ်ကြောင်း နိဒါန်းချီ၍ ပဏာမအခန်းကို ဖွင့်လှစ်လိုက်ရပေသည် ။ စာရှုသူအပေါင်း လွတ်လပ်ခွင့်ရှိပြီး လူ့အခွင့်အရေးအသီးအပွင့်ပေါင်းများ စွာကို စားသုံးနိုင်ကြ ပါစေဟု ဆန္ဒပြုရင်း….။

**မြင့်ထွန်း**

* * *

အခန်း-၁

# လူသားအဓိပ္ပာယ်

## လူသားဆိုင်ရာ အဓိပ္ပာယ်ဖွင့်ဆိုချက်

"လူသား" ဟူသော စကားသည် "ပါဠိဝေါဟာရအရ "မနုဿ" ဟူသော စကားမှ ဆင်းသက် ၍ အဓိပ္ပာယ်ယူရလေသည် ။ အင်္ဂလိပ်ဘာသာစကားအရ အသုံးအနှုန်းမှာ "Human, mankind" ဟု သုံးနှုန်းလေသည် ။ "Human မှာ of,natural to, concerning, or belonging to, mankind" ဆိုလိုသည် မှာ "လူသတ္တဝါနှင့်သက်ဆိုင်သော" ဟု အဓိပ္ပာယ်ရလေသည် ။

"လူသား (သို့) လူသတ္တဝါ" ဟူသည် မှာ အဘယ်နည်း။ "လူသား" ဟူသောသတ္တဝါသည် ဤ ကမ္ဘာလောကကြီးအတွင်းရှိ အားလုံးသော သတ္တဝါများ ထဲတွင် အသိဉာဏ်အရှိဆုံး၊ အထက်မြက် ဆုံး၊ ကမ္ဘာကြီးပေါ်၌ ခြေနှစ်ချောင်းဖြင့် ရပ်တည်ကာ သွားလာလှုပ်ရှားတတ်သော၊ ကမ္ဘာပေါ်ရှိ အားလုံးသော သတ္တဝါများ ထက် ခွန်အားအသာဆုံး၊ ဉာဏ်အသာဆုံးသော သတ္တဝါ ဖြစ်လေသည် ။

တောထဲ၌ ဘုရင်တစ်ဆူဖြစ်သော ကေသရာဇာခြင်္သေ့မင်းထက်လည်း ခွန်အားကြီးမားကာ ဉာဏ်ပညာထက်မြက်၏ ။ သမုဒ္ဒရာရေပြင်ထက်၌ ဘုရင်တစ်ဆူဖြစ်သော ဝေလငါးထက်လည်း အင်အားအရာ၊ ဉာဏ်ပညာအရာ၌ ထက်မြက်၏ ။ မိုးသားကောင်းကင်၊ ဝေဟင်ယံကို ပိုင်စိုး

သော ဂဠုန်ငှက်ဆင်ထက်လည်း ခွန်အားနှင့်ဉာဏ်အရာ၌ သာလွန်ထက်မြက်၏ ။ ထို့ပြင်မက တောအတူ တူ၊ တောင်အထပ်ထပ်ရှိ မည်မျှပင်မြင့်မားကြီးထွားသော သစ်ပင်မျိုးဖြစ်ပါစေ လူသားတို့ က တက် ရောက်နိုင်၊ ခုတ်လှဲနိုင်ကြ၏ ။ ဤပြယုဂ်သည် ကား ဤကမ္ဘာလောကကြီး၌ လူသားကို ယှဉ်ပြိုင်အံ တုနိုင်သော သတ္တဝါမရှိခြင်းကို ပြဆို၏ ။ ဤပြဆိုချက်သည် လူသားအပေါ်၌ အခြားသောသတ္တဝါ တို့ က အင်အား၊ ခွန်အား၊ ဉာဏ်ပညာ နည်းပါးခြင်းကြောင့် မယှဉ်နိုင်ခြင်းကို ပြဆိုခြင်းဖြစ်လေ သည် ။

ဤပြယုဂ်ကို လေ့လာဆန်းစစ်ခြင်းဖြင့် ကမ္ဘာပေါ်၌ "လူသား (သို့) လူသတ္တဝါ" ဟူသည် ထူးဆန်းအံ့ဩဖွယ်ဖြစ်သော သတ္တဝါတစ်မျိုးဖြစ်ကြသည် ကို ကနဦးအနေဖြင့် တွေ့မြင်သိရှိနိုင်ကြ ပေမည်။

ဤနေရာ၌ "လူ" ဟူသော သတ္တဝါအကြောင်းကို ကနဦးအနေဖြင့် စောကြောလေ့လာ ဆန်းစစ်ကြည့်ကြပါစို့။ ကျွန်ုပ်တို့ ကမ္ဘာတွင် လောကသုံးပါးရှိကြောင်းကို ဘာသာတရားအရမကြည့် ဘဲ သိပ္ပံပညာအရ လက်ရှိအချိန်တွက် လက်ခံထားကြရပေပြီ။ ယင်းလောကသုံးပါးမှာ "သတ္တလော က" လူ၊ တိရစ္ဆာန်၊ အပင် စသည် တို့ ပါဝင်သောအစုကို ခေါ်ဆိုလေသည် ။ ၎င်းကို "သက်ရှိလောက" ဟူ၍ လည်း ခေါ်ဆိုကြလေသည် ။ ၎င်းကို အင်္ဂလိပ်အခေါ်အားဖြင့် "Biosphere" ဟု ခေါ်ဆိုလေသည် ။ "ဇီဝဖြစ်စဉ်" ဟု လည်း ခေါ်ဆိုလေသည် ။ နောက်လောကတစ်ခုမှာ ဓာတ်ကြီး လေးပါးဖြစ်သော ရေ၊ မြေ၊ လေ၊ မီးများ နှင့် တော၊တောင်၊ ရေ၊မြေ၊ သမုဒ္ဒရာ၊ ကောင်းကင်၊ ဂြိုဟ်၊ နက္ခတ်တာရာ၊ ကြယ်နှင့် အာကာသတို့ တစ်ရပ်လုံး အကျုံးဝင်သော "သက်မဲ့လောက" (ဝါ) "ဩကာသလောကကြီး" ဖြစ်လေသည် ။ ၎င်းကို အင်္ဂလိပ်ဘာသာအားဖြင့် "Phisical Sphere" ဟု လည်း ခေါ်ဆိုလေသည် ။ အထက်ပါဖော်ပြခဲ့သော "သ

က်ရှိသက်မဲ့လောက” နှစ်ခုလုံးကို ခြုံငုံ၍ ဖြစ်ပျက်ခြင်းသဘောတရားတစ်ခုလုံးကို ခြုံငုံကာ “Weathering Sphere” (ခေါ်) သင်္ခါရလောက ကြီး ဖြစ်ပေါ်လာခြင်းတည်းဟူသော လောကသုံးပါးအကြောင်းကို ယနေ့ သိပ္ပံပညာရှင်တို့ က စုစည်း၍ သုတေသနပြုကာ “ယူ” “human being”ဟူသော သတ္တဝါတို့ ဖြင့် ဖွဲ့စည်းအပ်သော ဤ ကမ္ဘာလောကထဲမှ လောကကြီး (၃) ပါးအကြောင်းကို ဖော်ပြခဲ့လေသည် ။

ဤလောကကြီး (၃) ပါးအတွင်း၌ ပါဝင်သော “သတ္တလောက” မှ “လူသား” တို့ ၏ အကြောင်းကို လေ့လာဆန်းစစ်ကာ တင်ပြကြလေသည် ။ “လူ” ဟူသော သတ္တဝါသည် သတ္တဝါတို့ ၏ အဖွဲ့အစည်းအတွင်းတွင် ပါဝင်ပြီး အခြား“လူသား” ဟု မခေါ်ဆိုထိုက်သော သတ္တဝါများ ထက် ခွန်အားအရဖြင့်လည်းကောင်း၊ ဉာဏ်အရာအားဖြင့်လည်းကောင်း ပိုလွန်၍ သာသည့်အတွက်ကြောင့် “လူသား” ဟူ၍ ပေါ်ပေါက်ခေါ်ဆိုကြောင်းဟု တင်ပြထားလေသည် ။ “လူသား” ဟူသည့် သတ္တဝါနှင့် အခြားသတ္တဝါတို့ ၏ ခြားနားချက်မှာ “တွေးတောဆင်ခြင်လုပ်ကိုင်ရာ၌ သာလွန်ပိုကဲသည့်အချက်ရှိခြင်းကြောင့်ပင် ဖြစ်လေသည် ။ ဤအချက်ကြောင့် “လူသား” မဟုတ်သည့်အခြားသောသတ္တဝါတို့ က မယှဉ်ပြိုင်နိုင်ရခြင်းကြောင့် “လူသားသတ္တဝါ” နှင့် “အခြားသတ္တဝါ” တို့ ကွဲပြားသွားရခြင်း ဖြစ်လေသည် ။ လူသားနှင့်အခြား သက်ရှိသတ္တဝါတို့ ကွဲပြားခြားနားရသည် နှင့်အမျှ အသိဉာဏ်ချင်း၊ ယဉ်ကျေးမှုချင်း၊ နေထိုင်အသက်ရှင်ရပ်တည်မှုချင်း၊ ပုံသဏ္ဍာန်ချင်းသည် လည်း များ စွာသော အဆင့်ပေါင်း အဆင့်ဆင့်တို့ ဖြင့် ကွဲပြားခြားနားသွားရလေသည် ။

ဤကမ္ဘာလောကကြီးပေါ်၌ လူသားတို့ စတင်ပေါ်ပေါက်လာသည့် ကာလမှာ လွန်ခဲ့သော နှစ်ပေါင်းနှစ်သန်းကပင် ပေါ်ပေါက်လာသည် ဟု ဆိုလေသည် ။ သို့သော် လူသားတို့ ၏ တရွေ့ရွေ့နှင့် တဖြည်းဖြည်းချ

င်း ပြောင်းလဲလာရာ လွန်ခဲ့သော နှစ်တစ်သောင်းခန့်မှ သာ သိသိသာသာ ယဉ်ကျေးမှုအဆင့်အတန်း တိုးတက်လာခဲ့သည် ဟု ဆိုလေသည် ။ လူသားတို့ သည် ကနဦးတွင် တစ်ဦးချင်းတစ်ယောက်ချင်းအားဖြင့် သွားလာနေထိုင်ခြင်းနှင့် အစာရှာဖွေစားသောက်နေလာခဲ့ရာမှ လူအနည်းငယ်သည် ကျောက်ဂူကြီးများ ထဲ၌ စုပေါင်း၍ အစာရှာဖွေတတ်လာကြသည် ။ ထိုမှ ရှာဖွေရရှိသော အစားအစာများကို ဘုံအဖြစ် သိုလှောင်ခွဲဝေစားသုံးတတ်လာကြသည် ။ ထိုနေရာတွင် ရှာဖွေပုံထားသော အစားအစာများကို အသီးသီး စိတ်ကြိုက်ဆွဲယူစားသုံးကြရာ ဝေစုမသင့်၍ ခိုက်ရန်ဖြစ်ပွားပြီး သတ်ဖြတ်ကြရာ အစားအစာကြောင့် သေဆုံးကြရသည့် ဖြစ်စဉ်များ ပေါ်ပေါက်လေသည် ။ လူ့အသိဉာဏ်အဆင့် တိုးတက်သောသူများ အချင်းချင်း တိုင်ပင်ဆွေးနွေး၍ ၎င်းဂူအောင်းလူသားတို့ အပေါ် အစားအစာများ ဝေစုခွဲဝေရန်နှင့် အခြားသော နေထိုင်စားသောက်ကြရေးတို့ တွင် ဦးဆောင်စီမံကွပ်ကဲရန်အတွက် ၎င်းဂူအောင်လူသားများ ထဲမှ အသက်အားဖြင့်လည်းကောင်း၊ အတွေ့အကြုံအားဖြင့်လည်းကောင်း၊ အသိဉာဏ်ပညာအားဖြင့်လည်းကောင်း၊ ကြီးမြတ်သူကို ရွေးချယ်၍ ခေါင်းဆောင်အဖြစ်တင်မြှောက်ကာ ဂူအောင်လူသားတို့ အစုစုတို့ အား အုပ်ချုပ်စေသည် ။ အုပ်ချုပ်သူအတွက် ၎င်းတို့ ရှာဖွေရသမျှသော အစားအစာများ ထဲမှ အကောင်းဆုံးတစ်ခုကို ဝေစုအဖြစ် ခွဲဝေပေးကြလေသည် ။ ခေါင်းဆောင်အဖြစ် တင်မြှောက်ခံရသူသည် ၎င်းဂူများ အတွင်း နေထိုင်သူများအား ကျား၊ မမရွေး၊ လူကြီးလူငယ်၊ ကလေးမရွေး လက်ရည်တစ်ပြင်တည်း စီမံအုပ်ချုပ်ပေးကြရလေသည် ။ အုပ်ချုပ်ခံလူသားတို့ ကလည်း ခေါင်းဆောင်စီမံဆောင်ရွက်ပေးသမျှကို နာခံကြကာ တိုးတက်စပြုသော ဂူအောင်လူသားတို့ ဖြစ်တည်လာခဲ့ပေတော့သည် ။ ၎င်းကျောက်ဂူများမှ စတင်ခဲ့သော လူသားတို့ ၏ ဘဝဖြစ်စဉ် တည်လာ

ခဲ့ပေတော့သည် ။ ၎င်းကျောက်ဂူများမှ စတင်ခဲ့သော လူသားတို့ ၏ ဘဝ အစသည် ယနေ့ခေတ်လူသားတို့ အတွက် အနက်အဓိပ္ပာယ်တစ်ရပ် ဖြစ်တည်လာခဲ့စေသော လူမှုဘဝ စတင်ခဲ့ရာ လူ့သမိုင်းအစတစ်ရပ် ဖြစ်လာခဲ့လေသည် ။

ဤသို့ဖြင့် လွန်ခဲ့သော နှစ်ပေါင်းနှစ်သန်းခန့်က စတင်ခဲ့သော လူ့သမိုင်းတစ်လျှောက်သည် တစ်စတစ်စဖြင့်ပင် အဆင့်ဆင့် တိုးတက်ပြောင်းလာခဲ့ရာ လွန်ခဲ့သော နှစ်ပေါင်းတစ်သောင်းခန့် မှ စ၍ မြို့ရွာများ အတည်တကျ ဆောက်လုပ်၍ နေထိုင်လာခဲ့ကြသည် ။ ထိုအချိန်က စိုက်ပျိုးရေးကို ကနဦးအနေဖြင့် စတင်လုပ်ကိုင်လာကြသည် ။ နောက် နှစ်ပေါင်းနှစ်ထောင်ခန့်အကြာ လွန်ခဲ့သော နှစ်ပေါင်းရှစ်ထောင်ခန့် (ဘီစီ-၆၀၀၀) ခန့်တွင် တိရစ္ဆာန်မွေးမြူရေးလုပ်ငန်းကို စိုက်ပျိုးရေး အ ထောက်အကူပြုလုပ်ငန်းအဖြစ် ပူးတွဲလုပ်ကိုင်လာကြသည် ။ ဤသို့ဖြင့် လွန်ခဲ့သောနှစ်ပေါင်းရှစ် ထောင်ခန့်မှ စ၍ လူသားတို့ အသက်ရှင်ရပ်တည်နိုင်ရေးအတွက် အဓိကလိုအပ်သော အဝတ်အစား အတွက် အသိဉာဏ်ရှိရှိ တိုးတက်ပြောင်းလဲကာ လုပ်ကိုင်လာကြလေသည် ။ ဤနေရာမှ စ၍ လူ သားတို့ အတွက် “လူ့အခွင့်အရေး” ဆိုသည့် လူမှုဒုက္ခဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်ဥပဒေတစ်ရပ် ပေါ်ပေါက်စေရန် အစပျိုးချိန်ဟု ဆိုရမည်ဖြစ်လေသည် ။

လွန်ခဲ့သောနှစ်ပေါင်း ရှစ်ထောင်(ဘီစီ-၆၀၀၀) ခန့်က လူသားတို့ အတွက် စိုက်ပျိုးရေးနှင့် မွေးမြူရေးကို စတင်ချိန်တွင် ခေါင်းဆောင်သည် ခေါင်းဆောင်အလုပ်ကို လုပ်သည် ဖြစ်သကဲ့သို့ အုပ်ချုပ်ခံလူသားတို့ မှာလည်း လူသားတို့ ပြုလုပ်မြဲဖြစ်သော အသက်ရှင်ရပ်တည်နေထိုင်နိုင်ရေး အတွက် ဝမ်းစာရေးအတွက် အလုပ်လုပ်ကိုင်နေထိုင်ကြသည် ဖြစ်၍ ဖိနှိပ်ခံကဲ့သို့ ကျရောက်ခြင်း မ ရှိကြသေးပေ။ ထို့ကြောင့် “လူသားဆို

င်ရာ အဘိဓမ္မာ” အတွက်လည်း ဆင်ခြင်စဉ်းစားတွေးခေါ် မြော်မြင်ခြင်း မရှိသေးဘဲ လုပ်ကိုင်မြဲအလုပ်သာ ဖြစ်ကြသည့် စိုက်ပျိုးရေးလုပ်သူက လုပ်၊ မွေးမြူ ရေးလုပ်သူကလုပ်၊ စိုက်ပျိုးရေးနှင့်မွေးမြူရေးကို တွဲဖက်၍ လုပ်ကိုင်ကြသူကလုပ်ဖြင့် ၎င်းတို့ ၏ ဘဝ သည် ငြိမ်းချမ်းသာယာနေခဲ့ကြလေသည်။

လူ့သမိုင်းစသည် နှင့် လူသားတို့ ၏ ကနဦးအသိသည် ကား အမျိုးသားနှင့် အမျိုးသမီးတို့ မေထုန်မှီဝဲလိုသော အာသီသသည် ပေါ်ပေါက်လာသည် ဖြစ်၍ ချစ်ခင်ခြင်းဆိုသည် ကို မသိကြဘဲ ကြုံလျှင်ကြုံသလို အမျိုးသား၊ အမျိုးသမီးတို့ မေထုန်မှီဝဲခြင်းကြောင့် လူသားကလေးငယ်များ စတင်မွေးဖွားလာကြရသည် ။ လူသားများ တိုးသထက်တိုးကာ တိုးပွားလာကြသည် ။ ယင်းလူသား တို့ သည် အတိုင်းအတာဖြင့် လုံခြုံသောကျောက်ဂူနေဘဝမှ နေ၍ မိသားစုဘဝတည်ဆောက်ရန် အသိဉာဏ်တို့ တိုးတက်ပြောင်းလဲလာခဲ့ကြလေသည်။ သို့သော် သမိုင်းဦးဘုံမြေစနစ်၏ အဦးအစ ကျောက်ဂူနေလူမှုဘဝနှင့် စိုက်ပျိုးရေးနှင့်မွေးမြူရေးကို စတင်၍ တွဲဖက်လုပ်ကိုင်ရမှန်းသိပြီး အိမ် ရာအတည်တကျဖြင့် နေထိုင်ကြသော လူမှုဘဝကြားကာလသည် နှစ်ပေါင်းတစ်သန်းကျော်ခန့် ကြာမြင့်ခဲ့သည် ဟု သမိုင်းသုတေသီတို့ က ဆိုလေသည် ။ ဤသို့ လူသားတို့ ၏ လူ့သမိုင်းသည် နှစ် ပရိစ္ဆေဒ ကြာမြင့်လာခဲ့ရာ ယခု ရာစုအားဖြင့် လွန်ခဲ့သော အနှစ်လေးထောင်ကျော် (ဘီစီ-၂၆၀၀) ခန့်တွင် ရောမအင်ပါယာကို ထူထောင်သောခေတ်သို့ ရောက်ရှိ လာလေသည်။

ရောမအင်ပါယာကို ထူထောင်သူ ရောမသက်ဦးဆံပိုင်ဧကရာဇ်များသည် ၎င်းတို့ သေဆုံး လျှင် မြှုပ်နှံရန် ပိရမစ်ဂူသချ်ျုင်းများကို တည်ဆောက်ရန် ကျွန်များ အဖြစ် လူသားတို့ ၏ အခမ့္ဖမ်း ဆီးကာ ခိုင်းစေကာ တည်ဆောက်ကြလေသည် ။ ဘုရင်တို့ ၏ လက်အောက်တွင် ရဲမ

က်အဖြစ် အချို့ကို အမှုထမ်းစေပြီး လူသားအချင်းချင်း ဖိနှိပ်ချုပ်ချယ် ညှဉ်းပန်းကာ အခမ္ဘနည်းဖြင့် ကျေး ကျွန်များ အဖြစ် သွတ်သွင်းလေသ ည် ။ ဘုရင်များက မိမိတို့ စိတ်ကြိုက် ခိုင်းစေကြလေသည် ။ ဘုရင် များ က ၎င်းတို့ အိပ်မက်ကို လူ့အသားများ ဖြင့် သွေးလမ်းခင်းကာ ကျေးပိုင် ကျွန်ပိုင်စနစ်ကို အခမ္ဘ သွတ်သွင်းပုံဖော်ကြယူကြလေသည် ။ ဤသို့ သော ဖိနှိပ်ချုပ်ချယ် ညှဉ်းပန်းနှိပ်စက်မှု အမျိုးမျိုးတို့ ကြောင့် အသိဉာ ဏ်အသင့်အတင့် ကြွယ်ဝချမ်းသာသူတို့ က ဖိနှိပ်ချုပ်ချယ်ညှဉ်းပန်းမှုကို မခံမရပ် နိုင်ကြတော့ဘဲ ဖိနှိပ်ချုပ်ချယ်ခံရသူအချင်းချင်းပေါင်းကာ တော်လှန်ပုန်ကန်မှုများကို ဒေသနယ် ပယ်အသီးသီး၌ ပြုလုပ်လာခဲ့ကြ သည် ။ ဤသို့ တော်လှန်ပုန်ကန်မှု အင်အားကြီးထွား လာပြီး ဘုရင် ဧ ကရာဇ်တစ်ဦး ကျဆုံးပြီးနောက် ယင်းဒေသနယ်ပယ်မြို့တော် ပြိုကွဲပျ က်စီးသွားလျှင် နောက်မြို့ တော်တစ်ခုကို ခေါင်းဆောင်တစ်ဦး၏ စီမံကွ ပ်ကဲမှုဖြင့် တည်ဆောက်ကာ မြို့ရွာနိုင်ငံငယ်တစ်ခု ထပ်မံပေါ်ပေါက် လာစေသည် ။ ဤသို့ဖြင့် အင်ပါယာနိုင်ငံတော်ကြီး ကျဆုံးပြိုကွဲခြင်း၊ နောက် ပဒေသရာဇ်နိုင်ငံငယ်လေးတစ်ခု ပေါ်ပေါက်လာစေခြင်းဖြင့် ပ ဒေသရာဇ်ခေတ်တစ်ခေတ်သို့ ထပ်မံ ၍ ဦးတည်လာစေပြန်သည် ။ သို့ဖြ င့် လူ့သမိုင်းသည် ရှည်ကြာလာသည် နှင့်အမျှ ခေတ်စနစ်အသီး သီးတို့ သည် လည်း နည်းအမျိုးမျိုးဖြင့် ထပ်၍ ထပ်၍ ဆင့်ကဲပြောင်းလဲကာ ပေါ်ပေါက်လာစေခဲ့လေ သည် ။

ခေတ်စနစ်ပြောင်းလဲသမျှ မပြောင်းလဲသော သဘောတရားတစ်ရပ် မှာ ကား အုပ်ချုပ်သူတို့ နှင့် အုပ်ချုပ်ခံသူတို့ ရှိနေခြင်းပင် ဖြစ်လေသည် ။ နိုင်ငံတစ်ခု ပေါ်ပေါက်လာလိုက်၊ ခေါင်းဆောင်ဟူ သော အုပ်ချုပ်သူ ရှိမြဲဖြစ်သည့်အတိုင်း အုပ်ချုပ်သူကို ၎င်းပိုင်နက်နယ်မြေ၌ နေထိုင်သူ ပြ ည်သူတို့ က ရွေးချယ်တင်မြှောက်ပြီး အုပ်ချုပ်စေလိုက်ဖြင့် တည်ဆော

က်ကြလေသည် ။ အုပ်ချုပ်ကလည်း ကနဦးတွင် အုပ်ချုပ်သူ၏ ကျင့်ဝတ်နှင့် လျော်ညီစွာနေထိုင်ကျင့်ကြံအုပ်ချုပ်ပြီး နောက်ပိုင်းတွင် အာဏာရှင်ဆန်ဆန် ကျင့်ကြံနေထိုင်လာသောအခါ ၎င်း၏ ပြည်သူပြည်သားအပေါ် လူသားများ အ ဖြစ် သဘောမထားတော့ဘဲ အုပ်ချုပ်ခံလူတန်းစားများ အဖြစ် သတ်မှတ်ကာ အုပ်ချုပ်သူ ဘုရင်တို့ သည် ၎င်းတို့ အလိုကျ ပြည်သူများ အပေါ် မတရားသဖြင့် အခွန်ဘဏ္ဍာငွေများ ကောက်ခံ ခြင်း၊ လယ်ယာမြေများ တွင် ဘုရင်၏ အာဏာစက်ဖြင့် ထွန်ယက်စိုက်ပျိုးစေပြီး စိုက်ပျိုးရရှိသော ဂျုံ၊ ပြောင်း၊ စပါး၊ အာလူး အစရှိသည် များကို နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းယူကာ ပြည်သူများကို မဝ ရေစာကျွေးမွေးပြီး အုပ်ချုပ်သူသည် လည်း အရည်အချင်းကင်းမဲ့လာကာ အုပ်စိုးသူ အာဏာရှင်စ ရိုက်ဆန် လာလေတော့သည် ။ ထိုမှ ရေ၊ မြေ၊ လေကို ပိုင်စိုးသော အရှင်သခင်များ အဖြစ် ခံယူကာ နောက်ဆုံးတွင် အာဏာရှင်ဘုရင်ဧကရာဇ်များ အဖြစ် ခံယူလိုက်ကြတော့သည် ။ ဤသို့ဖြင့် လူ့သမိုင်းတစ်လျှောက်တွင် လူသားတစ်ဦး မွေးဖွားလာခြင်းသည် သက်ဦးဆံပိုင်ဘုရင်စနစ်ခေတ် တွင် “ဘုရင်အတွက် အလုပ်အကျွေးပြုရန် မွေးဖွားလာခြင်းဖြစ်သည် ” ဟု ဆိုကာ လူသားတို့ အပေါ် ၌ “နေနတ်သား၏ ဥပဒေသ” ဖြစ်ကြောင်း ဟောပြော၍ လူသားတို့ ၏ ကိုယ်စိတ်နှစ်ပါးလုံးကို စည်း ရုံးသိမ်းသွင်းဟောကြားခဲ့လေသည် ။ ယင်းအချိန်၌ အသိဉာဏ်နည်းပါးကြသော ပြည်သူပြည်သား တို့ မှာ ဘုရင်နှင့် ၎င်းတို့ ၏ စစ်သည် တော်များ ၏ ဟောပြောစည်းရုံးသမျှကို ယုံကြည်လေသည် ။ “မိမိ တို့ ၏ လူသားအဖြစ် မွေးဖွားလာရခြင်းမှာ မိမိကိုယ်ကိုထက် ဘုရင်ကို အလုပ်အကျွေးပြုရန် မွေး ဖွားလာကြခြင်းဖြစ်သည် ” ဟု ယုံကြည်ကာ ဘုရင်စေသမျှ နာခံလုပ်ကိုင်ပေးကြရလေသည် ။ ဘုရင် က “အသက်ပေးရမည်” ဟု ဆိုလျှင်ပင် မိမိကိုယ်ကို သတ်

သေကြရန် ဝန်လေးခြင်းအလျဉ်းမရှိဘဲ အသက်ကိုပင် စတေးပေးကြရလေသည် ။ ဤသို့ဖြင့် လူသားတို့ ၏ မွေးဖွားလာခြင်း၊ အသက်ရှင် ရပ်တည်နေထိုင်ရခြင်း၊ အမျိုးမျိုးတို့ ၏ ဘဝအဓိပ္ပာယ်ကို အုပ်ချုပ်သူဘုရင်များကလည်းကောင်း၊ ဘာသာရေးဆရာများကလည်းကောင်း အမျိုးမျိုးမှ ိုင်တိုက်ကာ ၎င်းတို့ အလိုကျ ဖန်တီးတည် ဆောက်စည်းရုံးသိမ်းသွင်းခဲ့ကြလေသည် ။ အချို့သောနိုင်ငံများ ၌ အချို့သောနိုင်ငံသားတို့ သည် ပင် ၎င်းတို့ သည် နေနတ်သားမှ တစ်ဆင့် မွေးဖွားလာကြသူများ ဖြစ်ပြီး နေနတ်သား၏ စေတမန်ဖြစ် သော ဘုရင်ကသာ သေခိုင်းလျှင် ၎င်းတို့ အသက်ကိုပင် စွန့်လွှတ်ပေးအပ်ကြရန် ဝန်မလေးကြသူ များ လည်း ယနေ့အချိန်အထိ ရှိနေကြပေသေးသည် ။ လူသားတစ်ဦးက ၎င်းမွေးဖွားလာသည့် အဓိပ္ပာယ်ကိုမသိ၊ အသက်ရှင်သန် မွေးဖွားရပ်တည်ရခြင်း၏ ဘဝအဓိပ္ပာယ်ကို မသိကြသေးပေ။ လူသားအချင်းချင်း ဆက်ဆံရာတွင် လူသားတစ်ဦးဖြစ်တည်ရခြင်း၏ အနက်အဓိပ္ပာယ်ကို မသိသ မျှ လူသားအချင်းချင်း၌ ရှိသော ဂုဏ်သိက္ခာကို ထိန်းသိမ်းစောင့်ရှောက်ပေးရမည်ကိုလည်း သိမည် မဟုတ်ချေ။

လွန်ခဲ့သော နှစ်ပေါင်းတစ်သောင်းနှောက် (ဘီစီ-၆၀၀၀) ရာစုခန့်က သက်ဦးဆံပိုင် ဘုရင် စနစ်ကျင့်သုံးမှုအောက် ဘဝရှင်သန်ရပ်တည်ကြရသော လူသားတို့ ၏ လူသားဘဝအဓိပ္ပာယ်ကို မသိခဲ့ကြ၊ ဘုရင်ကလည်း လူသားတစ်ဦး၏ လူသားဂုဏ်သိက္ခာအတွက် ထိန်းသိမ်းစောင့်ရှောက်ပေးရမည်ဟု သိရှိနိုင်သည့် အသိဉာဏ်မရှိသည် ကိုပင် လက်ခံရမည်ဖြစ်သော်လည်း ယနေ့ခေတ် တွင် မူကား အာကာသတစ်ခုလုံးကိုပင် ပိုင်စိုးနိုင်သည် အထိ အသိဉာဏ်အရာ၌ လွန်ခဲ့သော နှစ် ပေါင်း ၈၀၀၀၊ ၉၀၀၀ ထက် တိုးတက်သော အခြေအနေသို့ ရောက်ရှိလာခဲ့ပေသည့်တိုင်အောင် လူ့ ဂုဏ်သိက္ခာကို ထိန်းသိမ်းစောင့်ရှောက်ရမှန်း မသိသေးသူ

များ လည်း ရှိနေပေသေးသည် ။ လွန်ခဲ့ သော နှစ်ပေါင်း ၈၀၀၀ ကျော် ကာလကထက် ယနေ့အချိန်အခါတွင် နှိုင်းယှဉ်၍ မရလောက်အောင် ပင် ယဉ်ကျေးမှုအရာ၌ လည်းကောင်း၊ အသိဉာဏ်ပညာအရာ၌ လည်းကောင်း၊ လူသားတို့ သည် တိုးတက်ဖွံ့ဖြိုးသောအချိန်အခါ ဖြစ်သည် ။ ဤသို့ တိုးတက်သော အချိန်အခါကာလ၌ ပင်လျှင် လူ သားတို့ ၏ ဘဝ အဓိပ္ပာယ်၊ လူသားတို့ ၏ လူသားဖြစ်ခြင်းဆိုင်ရာ အဓိပ္ပာယ်တို့ အပေါ် "လူသားတို့ ၏ ရှင်သန်နေထိုင်ကြရသော လူ့ဂုဏ်သိက္ခာကို လေးစားတန်ဖိုးထားရမည်ဟူသော အနက်အဓိပ္ပာယ်" ကို ဖွင့်ဆို၍ လေ့လာကြည့်ရမည် ဖြစ်လေသည် ။

လူသားတစ်ဦးဖြစ်ခြင်းအပေါ် ဘာသာအယူဝါဒဖြင့် လေ့လာသုံးသပ်မည်မဟုတ်ဘဲ လူ့စ ရိုက်၊ လူ့သဘောကို သိပ္ပံနည်းကျကျဖြင့် လေ့လာအကဲဖြတ်သင့်ပေသည် ။ "လူသား" ဟူသော သတ္တဝါသည် သက်ရှိမျိုးစိတ်ပေါင်းများ စွာထဲ၌ တစ်ခုအပါအဝင် ဖြစ်လေသည် ။ သက်ရှိမျိုးစိတ်ထဲတွင် လည်း "လူ၊ တိရစ္ဆာန်၊ အပင်" ဟူသော မျိုးစိတ်များအားလုံးကို ခြုံငုံ၍ ခေါ်ဆိုလေသည် ။ ဤ မျိုးစိတ်ပေါင်းများ စွာထဲမှ "လူသား" ဟူသောသတ္တဝါ၊ သက်ရှိမျိုးစိတ်သည် လည်း တစ်ခုအပါအဝင် ဖြစ်လေသည် ။ သို့သော် သက်ရှိမျိုးစိတ်ပေါင်းများ စွာထဲမှ "လူသား" ဟူသော သက်ရှိမျိုးစိတ်သည် အသိဉာဏ်ပညာအရာ၌ အထူးကဲဆုံး၊ အသာလွန်ဆုံးသက်ရှိမျိုးစိတ် ဖြစ်ရလေသည် ။ "လူသား" တို့ သည် သနားတတ်သည် ၊ ကြင်နာတတ်သည် ၊ ချစ်ခင်တတ်သည် ၊ တွယ်တာတတ်သည် ၊ မုန်းတတ်သည် ၊ ရက်စက်တတ်သည် ၊ ကြမ်းကြုတ်တတ်သည် ၊ ကလဲ့စားချေတတ်သည် ၊ ပြန်လည် တိုက်ခိုက်တွန်းလှန်တတ်သည် ၊ ပရိယာယ်မာယာကြွယ်ဝပြီး လှည့်ဖြားတတ်သည် " ဤကဲ့သို့သော အချက်များကြောင့် လူသားသည် အခြားသောသတ္တဝါများ ထက် "အင်

အား၊ ခွန်အားအရာ၌ သာ လွန်သည် ” ဟု ပြောဆိုနိုင်ခြင်း ဖြစ်လေသည် ။ ဤသို့သော အချက်များကြောင့်လည်း လူသားတစ် ဦးဖြစ်သည် ။ ဤကမ္ဘာမြေပေါ်၌ အင်အားအကြီးဆုံး၊ မျိုးဆက်ပေါင်းများ စွာကို အဆက်ဆက်ချိန်၌ ပျံ့ပွားသွားစေနိုင်ခြင်း ဖြစ်လေသည် ။ ကမ္ဘာပေါ်၌ ခွန်အားအရာ၌ အကြီးဆုံးများ ဖြစ်ကြသည့် ကုန်း တွင် ခြင်္သေ့၊ ရေတွင် ဝေလ၊ ဝေဟင်တွင် ငှက်ကြီးများ ရှိကြသော်လည်း ၎င်းမျိုးစိတ်တို့ ၏ မျိုးစိတ်ပျံ့ ပွားနှုန်းမှာ ယနေ့ခေတ်တွင် လက်ချိုး၍ ရေတွက်နိုင်ကြလေသည် ။ ဤသို့ဖြစ်စေရခြင်းမှာ အသိ ဉာဏ်ပညာအရာ၌ အခြားသောသက်ရှိ သတ္တဝါမျိုးစိတ်တို့ က လူသားတို့ ၏ အသိဉာဏ်ပညာကို မယှဉ်နိုင်ခြင်းဖြစ်ကြောင်း ထင်ရှားပေပြီ။ သို့ဆိုလျှင် “လူသားအချင်းချင်းကသာ လူသားအချင်းချင်း” တို့ ၏ ဖြစ်တည်ရှင်သန်ကြရသော အဓိပ္ပာယ်ကို စောကြောနိုင်ကြမည် မဟုတ်ပေလော။

ဤနေရာ၌ “လူသားတစ်ဦး၏ ဖြစ်တည်ရှင်သန်မှုအဓိပ္ပာယ်ကို ဖွင့်ဆိုကြည့်ရပေတော့မည်။ “လူသားတစ်ဦး မည်သည် ကစ၍ ဖြစ်တည်ပေါက်ဖွားလာရသနည်း” အလွယ်ဆုံးအဖြေမှာ ဖခင်နှင့် မိခင်တို့ ၏ သွေးတို့ ပေါင်းစပ်၍ အမိဝမ်းမှ နေ ထွက်ပေါ်လာပေသည် ဟု ဖြေဆိုကြရလေတော့မည်။ ဤအဖြေသည် မှန်၏ ။ မိဘတို့ ၏ လုံ့လ၊ ပယောဂမပါဝင်ဘဲ လူသားတစ်ဦး ဖြစ်လာနိုင်ခြင်း ရှိမည် မဟုတ်ပေ။ ဤနေရာ၌ လူသားတစ်ဦးသည် မိခင်ဖခင်တို့ ၏ လုံ့လပယောဂဖြင့် လူသားတစ်ဦး အ ဖြစ် မွေးဖွားပေါ်ထွန်းလာခဲ့ပေပြီ။ ဤသို့ မွေးဖွားပေါ်ထွန်းလာခဲ့ပြီးနောက် အချိန်မှ စ၍ ၎င်းကို လူအများက လူသားအဖြစ် စတင်ခေါ်ဝေါ်သတ်မှတ်ခဲ့ကြလေပြီ။ ဤသို့ “လူသား” အဖြစ် သတ်မှတ်ခေါ်ဝေါ်ခဲ့ကြပြီးနောက် ၎င်းလူသားကလေးငယ်အတွက် “လူသား” ဟူသောအနက်အဓိပ္ပာယ် ကို ဆောင်ယူနိုင်ရန် မည်သည် တို့ က ပံ့ပိုး

ဆောင်ယူကြမည်နည်း။ ဤလူသားကလေးငယ်အတွက် လူသားဖြစ်တည်ရန် ကနဦးအနေဖြင့် မိဘ၊ ညီအစ်ကို၊ မောင်နှမ၊ ဆွေမျိုး၊ အသိုင်းအဝိုင်းနှင့် ဘေး ပတ်ဝန်းကျင်တို့ ကသာ အဓိကအားဖြင့် "လူသား" ဟူသောဂုဏ်သိက္ခာ ဖြစ်တည်လာရန်အတွက် ပံ့ပိုးဆောင်ယူကြလေသည်။ အဆိုပါ ဤလူသားကလေးငယ်သည် မိဘညီအစ်ကို၊ မောင်နှမ၊ ဆွေမျိုး၊ အသိုင်းအဝိုင်းနှင့် ဘေးပတ်ဝန်းကျင်နေသူတို့ မှ ပံ့ပိုးဆောင်ယူခြင်းကြောင့် လူသားတစ်ဦးအ ဖြစ် လူလားမြောက်သောအချိန်အရွယ်သို့ ရောက်ရှိလာခဲ့ဖြစ်ပါက ၎င်းလူသားသည် ၎င်းကိုယ်တိုင် တစ်ဖန်ပြန်၍ မိသားစုဘဝကို တည်ဆောက်ဖန်တီးပြန်ဦးမည်။ လူသားမျိုးဆက် အဆင့်ဆင့်ကို ပျံ့ သွားစေဦးမည်။ ပေါ်ထွန်းလာသော လူသားကလေးအဆင့်မှ လူလားမြောက်သော အချိန်အရွယ် အထိ မိဘညီအစ်ကို မောင်နှမ၊ ဆွေမျိုးအသိုင်းအဝိုင်းနှင့် ဘေးပတ်ဝန်းကျင်နေသူတို့မှ ပံ့ပိုး ဆောင်ယူခြင်းဖြင့် မျိုးဆက်တစ်ဆက်ပြီးတစ်ဆက် လူသားတို့၏ လုပ်မြဲဖြစ်သော လူသားအဖြစ် ပံ့ပိုးဆောင်ယူခြင်းဖြင့် ဤကမ္ဘာကြီးပေါ်တွင် လူသားတစ်ဦး၏ ဂုဏ်သိက္ခာရှိရှိဖြင့် ရှင်သန်တည်တံ့ နိုင်စေရေးအတွက် ဖန်တီးနေကြမည်သာ ဖြစ်လေသည်။

လူသားတစ်ဦး၏ လူသားဆိုင်ရာ အနက်အဓိပ္ပာယ်မှာ ကား လူသားအချင်းချင်းက မျိုးဆက် အဆင့်ဆင့် ပျံ့ပွားတည်မြဲနိုင်ရေးအတွက် ပံ့ပိုးဆောင်ယူခြင်းဖြင့်လည်းကောင်း၊ ဤကမ္ဘာမြေပေါ်၌ လူသားတစ်ဦး ဖြစ်တည်ပေါ်ပေါက်လာချိန်မှ စ၍ ယင်းလူသားသည် အတိမ်းအစောင်း၊ အချွတ်အ ချော်မဖြစ်စေရန် မူလကပင် လူသားနှင့်အတူ ၎င်းမွေးဖွားလာရပြီးနောက် အသက်ရှင်သန်ရပ်တည် နိုင်ခွင့် အခွင့်အရေးပါရှိလာမည်ဖြစ်၍ မွေးဖွားပေးလိုက်သည့် မိဘနှစ်ဦး၊ ညီအစ်ကိုမောင်နှမများ ၊ ဆွေမျိုးအသိုင်းအဝိုင်းများ နှင့် ဘေးပတ်ဝန်းကျင်နေ လူသားတို့ က

ဝိုင်းဝန်း၍ ထိန်းသိမ်းစောင့် ရှောက်ပေးရန် တာဝန်ရှိလေသည် ။ ၎င်း လူသားအတွက် ၎င်းကိုယ်တိုင်မှ လွဲ၍ မိဘမှ စ၍ ဘေးပတ် ဝန်းကျင် နေ လူသားများ အထိ ၎င်းတို့ ပယောဂကြောင့် သေဆုံးခြင်းမရှိစေရ၊ ၎ င်းလူသား အသက် ရှင်ရပ်တည်နိုင်ရေးအတွက် လူသားအားလုံးက အချင်းချင်း စောင့်ရှောက်မည့် ပံ့ပိုးယူဆောင်ပေးရ မည့် တာဝန်ဝတ္တ ရားရှိသည် ဟု လူသားဂုဏ်သိက္ခာက သတ်မှတ်ပြဋ္ဌာန်းထားလေသည် ။ လူသား တစ်ဦး အသက်ရှင်ရပ်တည်နိုင်ခွင့် ရရှိနိုင်စေရန် ကနဦးအနေဖြင့် မိဘနှစ်ဦး၊ ညီအစ်ကိုမောင်နှမ နှင့် ဆွေမျိုးအသိုင်းအ ဝိုင်းတို့ က တာဝန်ယူရမည် ဖြစ်လေသည် ။ လူသားတစ်ဦး အသက်ရှင် သန် ရပ်တည်နိုင်ခွင့်ရစေရန် အရေး (၄) ပါးက ပံ့ပိုးထောက်ပံ့မှု ပြုလေ သည် ။ ၎င်းအရေး (၄) ပါးအ တွက် စားရေး၊ ဝတ်ရေး၊ နေထိုင်ရေးတို့ အတွက် မိဘနှစ်ပါးက ကနဦးအနေဖြင့် တာဝန်ယူရလေ သည် ။ မိဘများ မရှိခဲ့လျှင် ၎င်းအရေး (၄) ပါးအတွက် မပူမပန်ရစေရန် မိဘတွ င် ဥစ္စာပစ္စည်း မည်မျှ ပင် ကြွယ်ဝနေစေသော်လည်း မိမိတိုပ မွေးဖွား ပေးထားသည့် သားသမီးတို့ အတွက် ပညာသင် ကြားပေးခြင်း၊ ပညာ တတ်မြောက်လျှင် ဥစ္စာပစ္စည်းပေးအပ်ခြင်း၊ အလုပ်အကိုင် ရှာဖွေပေးခြ င်း၊ ၎င်း အလုပ်အကိုင်မှ ရရှိလာသော ငွေကြေးဥစ္စာဖြင့် ၎င်းလူသား အ သက်ရှင်ရပ်တည်ရန် လုံ့လပြုရာ တွင် မပူမပန်ဖြင့် စားဝတ်၊ နေထိုင် ရေး အပန်းဖြေပျော်ရွှင်ရေးတို့ တွင် အသုံးပြုနိုင်မည်ဖြစ်၍ ဤသို့ ပညာ သင်ကြားပေးခြင်းကို ကနဦးအနေဖြင့် မိဘတို့ က ပံ့ပိုးဆောင်ယူပေးကြရလေသည် ။ လူသား တစ်ဦးအတွက် အသိဉာဏ် ပညာ တိုးတက်ပြီး မိမိ၏ အသက်ရှင်ရပ်တည်နိုင်ရေးအတွက် အသုံး ဝ င်ဆုံးသော တစ်သက်စားမကုန်နိုင်သော ပညာရေးကို ကနဦးစဉ်းစား တွေးခေါ်ပြီး ကြံစည်တည်ဆောက်ပေးကြရခြင်း ဖြစ်လေသည် ။ ပညာ

တတ်မြောက်ပြီး ၎င်းကို အသုံးချ၍ ၎င်းလူသားက ၎င်း၏ အသက်ရှင်ရပ်တည်နိုင်ခွင့်ကို ဆက်လက်ပံ့ပိုးဆောင်ယူသွားပြီး ၎င်း၏ နောင်သားစဉ်မြေး ဆက်တိုင်အောင် ဤကဲ့သို့ပင် ပံ့ပိုးဆောင်ယူသွားနိုင်မည် ဖြစ်လေသည် ။ ထို့ကြောင့် ဘာသာရေး အယူဝါဒဆိုင်ရာ အရောအနှောမပါဝင်သော "လူသားဆိုင်ရာအနက်အဓိပ္ပာယ်" ဆိုသည် မှာ လူ သားတစ်ဦး မွေးဖွားလာကတည်းက သေဆုံးသွားသည့်တိုင်အောင် "လူသားအချင်းချင်းက လူသားအချင်းချင်း အပြန်အလှန် ပံ့ပိုးဆောင်ယူခြင်းဖြင့် အသက်ရှင်ရပ်တည်နိုင်ခွင့်ရစေရန်" ကို ရည်ရွယ်ဆောင်ယူကြလေသည် ။ ဤသို့ဖြင့် မိဘမှ သားသမီးမြေးမြစ်တီတွတ်ကျွတ်အထိ မျိုးဆက် အစဉ်အဆက်ပေါင်းများ စွာတိုင်အောင် "လူသားတို့ က လူသားဆိုင်ရာ အနက်အဓိပ္ပာယ်ရှိရှိ ပံ့ပိုး ဆောင်ယူပေးကြရသည် မှာ လူသားဖြစ်တည်ခြင်းဆိုင်ရာ အဘိဓမ္မာ" အတွက်လည်းကောင်း၊ လူသားဘဝကို ရရှိစေခြင်းငှာ" အတွက်လည်းကောင်း၊ လူသားတို့ ၏ ဂုဏ်သိက္ခာကို ထိန်သိမ်းပေး ရန်" အတွက်လည်းကောင်း ပံ့ပိုးဆောင်ယူကြသည် ဖြစ်လေသည် ။ ဤအချက်အလက်တို့ မှာ "လူ သားတစ်ဦး အသက်ရှင်သန် ရပ်တည်ရခြင်း" အတွက် ဖြစ်တည်ရသော အနက်အဓိပ္ပာယ်သာလျှင် ဖြစ်ရလေတော့သည် ။

* * *

# လူ့အခွင့်အရေးဆိုင်ရာ အနက်အဓိပ္ပာယ် ဖွင့်ဆိုချက်

"လူ့အခွင့်အရေး" ဟူသော ဝေါဟာရသည် လူသားတစ်ဦးအတွက် အမိဝမ်းတွင်း၌ စတင် သန္ဓေတည်ပြီး အသက်စဝင်သည့်အချိန် လူသား တစ်ဦးအဖြစ် မွေးဖွားလာရန် မျှော်လင့်ရချိန်မှ စ၍ လူသားတစ်ဦးရသင့် သော အသက်ရှင်သန်စွာ မွေးဖွားလာနိုင်ခွင့်ကပင် စသည် ဟု ဆိုနိုင် လေ သည် ။ မိခင်၊ ဖခင်တို့ မှ မွေးဖွားလာသည့် သားဖြစ်စေ၊ သမီးဖြစ် စေကို ကျန်းမာသန်စွမ်းပြီး ကိုယ် လက်အင်္ဂါပြည့်စုံသော သားသမီးအဖြ စ် မွေးဖွားလာနိုင်ရေးကို ပါးစပ်မှ ထုတ်မပြောသော်လည်း စိတ်တွင်းမှ ကြိတ်၍ မျှော်လင့်ထားကြပြီး ဤလူသားငယ်သည် ဘူ့ဘဝကိုရခိုက် ခ ဏအတွင်း၌ အ များ နှင့်တန်းတူ ခြေလက်အင်္ဂါပြည့်စုံခြင်း၊ ကျန်းမာသ န်စွမ်းသော သားသမီးများ ဖြစ်စေဖို့ ဟူသော စိတ်ဖြင့် မျှော်လင့်ခြင်းများ စွာထားပြီး ၎င်းကလေးငယ်ကို မွေးဖွားနိုင်ရန်၊ အသ က်ရှင်သန်နိုင်ရန် မိဘတိုင်းက သားသမီးများ မွေးဖွားမည်ဆိုကတည်းပ င် လူ့အခွင့်အရေးကို ပေးစွမ်းကြသည် သာ ဖြစ်လေသည် ။ ဤမည် သော လူ့အခွင့်အရေးအတွက် ကနဦးအနေဖြင့် မိဘနှစ်ဦးကပင် စတင် ပေး အပ်လိုက်သည် ဟု ပြောဆိုရမည်သာ ဖြစ်လေသည် ။

"ထို့ကြောင့် "လူသား" တို့ အနေဖြင့် "လူ့အခွင့်အရေး" ဟူသောဝေါ ဟာရစကားလုံးကို အသုံးတွင် ကျယ်အောင် ပြောဆိုနေခြင်း မရှိကြ သော်လည်း "လူ့ဂုဏ်သိက္ခာ"အတွက် လူသားတစ် ဦးအနေဖြင့် ၎င်းရသ င့်ရထိုက်သော အသက်ရှင်သန်စွာ မွေးဖွားပေးခွင့်၊ အသက်ရှင်သန်စွာ

နေ ထိုင်ခွင့်ဆိုသည် ကို ကနဦးအနေဖြင့် မိဘ (၂) ဦးက သားသမီးတို့ အပေါ် ယင်းအခွင့်အရေးကို ပေး အပ်ပြီးဖြစ်ကြခြင်းအပေါ် သိရှိနားလည်နိုင်ကြရမည် ဖြစ်လေသည် ။ ထို့ကြောင့် ဤ "လူ့အခွင့်အ ရေး" ဟူသော မြန်မာလူမျိုးများ အပါအဝင် ကမ္ဘာသူကမ္ဘာသားများ ပါ အားလုံးက သိရှိကျွမ်းဝင် ရင်း နှီးပြီး ဖြစ်ကြလေသည် ။

"လူ့အခွင့်အရေး"ဟူသော ဝေါဟာရကို စူးစမ်းလေ့လာကြပေစို့။ လူ၊ လူသားဆိုသည် မှာ Human ကို ဝေါဟာရပြုသုံးနှုန်းပြီး "အခွင့်အရေး" ဆိုသည် မှာ "Right" ကို ဝေါဟာရပြုလေသည် ။ "Human" ဟူသောဝေါဟာရမှာ အင်္ဂလိပ်အသုံးအားဖြင့် "of, natural to, concerning or belonging to, makind" ဟု အဓိပ္ပာယ်ဖွင့်ဆိုလေသည် ။ သဘောမှာ လူသတ္တဝါနှင့်သက်ဆိုင် သော" ဟူလေ၏ ။ "Right" ကို အဓိပ္ပာယ်ဖွင့်ဆိုလေသည် မှာ "something a person is, or ought to be, allowed to have, do etc:" ဟု ဝေါဟာရသတ်မှတ်ပေးပြီး ၎င်းအဓိပ္ပာယ်မှာ လူ တစ်ဦးတစ်ယောက်အတွက် တစ်စုံတစ်ခုကို ရသင့်၊ လုပ်သင့်ပိုင်ခွင့်ရှိသော အခွင့်အရေး (သို့) ပိုင် ခွင့်" ဟု ဆိုလေသည် ။ ထို့ကြောင့် "right" ဆိုသည် မှာ "အခွင့်အရေး၊ ပိုင်ခွင့်" ဟု အဓိပ္ပာယ်ရလေ သည် ။ ယင်းအခွင့်အရေးကို "လူသား" ဟူသော စကားလုံးနှင့်ကပ်လျက် "လူ့အခွင့်အရေး၊ လူသားတို့ ရပိုင်ခွင့်ရှိသော အခွင့်အရေးများ " "Human Rights" ဟု ပြောဆိုလေသည် ။

ဤနေရာ၌ "Human Rights" "လူသားတို့ ရပိုင်ခွင့်ရှိသော အခွင့်အရေး"ဆိုသည် မှာ အ ဘယ်နည်း၊ ၎င်း "လူ့အခွင့်အရေး" ဟူသော စကားလုံး၏ အနက်အဓိပ္ပာယ်ကို ဖွင့်ဆိုလေ့လာကြည့် ရန် လိုအပ်မည်ဖြစ်သည် ။ "လူ့အခွင့်အရေး" ဟူသော စကားလုံး၏ အဓိပ္ပာယ်သည် ကျယ်ဝန်နက် ရှိုင်းမည်ဖြစ်သည် ။ သို့သော် ကျယ်ဝန်းခြင်း၊ နက်ရှိုင်းခြင်းဆိုသည်

မှာ "လူ့အခွင့်အရေး" ၏ သ ဘောအဓိပ္ပာယ်ကို ရေရေလည်လည် နားလည်နိုင်ခြင်း မရှိသေးသည့်အခါ ဤသို့ ထင်မှတ်ကြပေ လိမ့်မည်။ အမှန်တကယ်အားဖြင့် "လူ့အခွင့်အရေး" ဆိုသည် မှာ လူတစ်ဦးအတွက် မွေးကတည်း က သေဆုံးသည် အထိ ၎င်းအသက်ရှင်နေထိုင်နိုင်ရန် မွေးဖွားပေးသည့် မိဘနှစ်ပါးမှ စ၍ ညီအစ်ကို မောင်နှမများ ၊ ဆွေမျိုးများ ၊ ပတ်ဝန်းကျင်နေ ဘေးလူများ ၊ ရပ်ရွာဒေသမှ စ၍ နိုင်ငံကို အုပ်ချုပ်နေ သည့် အုပ်ချုပ်သူအဆင့်အတန်းမရွေး၊ လူသားအားလုံးက ဝိုင်းဝန်း၍ စောင့်ရှောက်ပေးခြင်းနှင့်အ တူ ၎င်းအသက်ရှင်သန်စွာ နေထိုင်ခွင့်အတွက် ဘက်ပေါင်းစုံမှ ပံ့ပိုးဆောင်ယူပေးကြရသည့် "အ ခွင့်အရေး" ကို ဆိုလိုပေသည် ။

ယင်းအခွင့်အရေးများ တွင် လူတစ်ဦး အသက်ရှင်သန်စွာ နေထိုင်နိုင်ရန်အတွက် မရှိမဖြစ် လိုအပ်သော "စားဝတ်နေရေးနှင့် အပန်းဖြေပျော်ရွှင်ရေး" တည်းဟူသော အရေး (၄) ပါးဖြစ်ကြ လေသည် ။ ဤအရေး(၄) ပါးသည် လူတစ်ဦးချင်း တစ်ယောက်ချင်းဖြင့်လည်း သက်ဆိုင်သကဲ့သို့ "လူမှုအဖွဲ့အစည်း" "Civil Society" ဆိုသည် မှာ လည်း နိုင်ငံတစ်နိုင်ငံ၏ ပိုင်နက်နယ်မြေအတွင်း မှီ တင်းနေထိုင်ကြကုန်သော "သက်ရှိလူသား (သို့) နိုင်ငံသားအားလုံးတို့ အကျုံးဝင်လေသည် ။ လူသားတစ်ဦးအတွက် ၎င်း၏ "လူမှုအဖွဲ့အစည်း" ကိုပြပါဟု ဆိုလျှင် မိမိ အိမ်မိသားစုဝင်အားလုံးမှ စ ၍ ပတ်ဝန်းကျင်နေ လူများမှ သည် နိုင်ငံအုပ်ချုပ်သော သမ္မတအထိ အကျုံးဝင်လေသည် ။ ထို့ ကြောင့် "လူ့အခွင့်အရေးစံနှုန်းပြပေတံ" ဖြင့် တိုင်းတာလျှင် လူသားတစ်ဦး အသက်ရှင်သန်ရပ် တည်နိုင်ရန်အတွက် အခြားသော လူသားအားလုံးတွင် တာဝန်ရှိသည် ။ လူသားတစ်ဦးကို လူသား အချင်းချင်းမှ ပြန်လည်စောင့်ရှောက်ထိန်းသိမ်းပေးရမည်" ဟူသော "လောကပါလတရား" သာ လျှင် ဖြစ်တော့

သည် ။ ဤလူသားအချင်းချင်း ပြန်လည်စောင့်ရှောက် ထိန်းသိမ်းပေးခြင်းသည် အ ခြားလူတစ်ဦး အသက်ရှင်သန်ခွင့်ရစေရန်အတွက် "လူ့အခွင့်အရေး" ကို စောင့်ထိန်းပေးခြင်းမည် ပေ၏ ဟု "လူ့အခွင့်အရေးကြေညာစာတမ်း" က ဆိုလေသည် ။

ယခု ဆက်လက်၍ "လူ့အခွင့်အရေး" ဟူသော သဘောကို အနည်းငယ် စောကြောလေ့ လာကြည့်ကြဦးမည်။ လူ့အခွင့်အရေးဟူသည် မှာ အဘယ်နည်း။ လူ့အခွင့်အရေးဟူသည် မှာ လူ တစ်ဦးအတွက် အသက်ရှင်သန်စွာ နေထိုင်ခွင့်ရရေးသည် ၎င်းလူသားအတွက် မူလအခွင့်အရေး ပင် ဖြစ်လေသည် ။ ယင်း မူလအခွင့်အရေးအရ လူတစ်ဦး ရှင်သန်စွာ နေထိုင်ရန်၊ "စား၊ ဝတ်၊ နေ ရေးနှင့် အပန်းဖြေပျော်ရွှင်ရေး" ဟူသော အရေး (၄) ပါးသည် အဓိကပဓာနကျသော အချက်ကြီး (၄) ချက်ဖြစ်လေသည် ။ လူတစ်ဦး အသက်ရှင်သန်ရေးသည် စားသောက်ရေး ဖြစ်၏ ။ စာနေရုံဖြင့် မပြီးပေ။ အရှက်သိက္ခာ လုံခြုံရန်နှင့် သဘာဝ ဘေးဒဏ် (ရေ၊ မြေ၊ လေ၊ မီး) တို့ မှ အကာအကွယ် ရရန်အတွက် အဝတ်အစားသည် ဒုတိယလိုအပ်ချက် ဖြစ်သည် ။ ယင်း သဘာဝ ဘေးဒဏ် (ရေ၊ မြေ၊ လေ၊ မီး) တို့ ၏ နှောင့်ယှက်ဖျက်ဆီးခြင်း မခံရစေရန် အတည်တကျနေအိမ်လိုအပ်ပြန်သည် ။ ယင်းနေစရာအိမ်ရရုံနှင့်လည်း မပြီးသေးပေ။ လူသားတစ်ဦးဖြစ်ခြင်းကြောင့် စိတ်အနာအဆာကို ဖြေဖျောက်ပေးမည့် အပန်းဖြေပျော်ရွှင်မှု ရရန်လည်း လိုအပ်ပေသေး၏ ။ ဤအချက်ကြီး (၄ ) ပါး၏ နောက်ဆုံးချုပ်ဆုံးမှုသည် ငွေကြေး ဖြစ်၏ ။ ငွေကြေးဖြင့် စားစရာကို ဖန်တီးနိုင်၏ ။ စားစရာပြည့်စုံ လျှင် အေးသောအချိန်ကာလ၌ နွေးထွေးမှုပေးမည့်၊ ပူသောကာလ၌ အေးမြမှုပေးမည့် အဝတ် အစားကိုလည်းကောင်း၊ မရှိမဖြစ် လိုအပ်၏ ။ ၎င်းအဝတ်အစားများကို ငွေကြေးဖြင့် ဖလှယ်၍ ရယူ နိုင်၏ ။ လူသားတစ်ဦးအတွက်

အစားစားပြီး အဝတ်ဝတ်နေရုံဖြင့် လုံလောက်မည်၊ ပြည့်စုံမည်မ ဟုတ်ပေ။ တစ်ညတာ ကွန်းခိုနားစက်ရန်အတွက် အတည်တကျ နေစရာလိုအပ်၏ ။ နေစရာဆို သည် မှာ အိမ် ကို ခေါ်ဆို၏ ။ ယင်း ကွန်းခိုနားစက်ရာနေအိမ်ကို ငွေကြေးဖြင့် ဝယ်ယူရရှိနိုင်မည်ဖြစ် ၏ ။ စားစရာစားပြီး၊ ဝတ်စရာအဝတ်ဝတ်ပြီး၊ နေစရာအိမ်လေးဖြင့် နေနိုင်ပြီ ဖြစ်၏ ။ သို့သော် ၎င်းလူ သားသည် ငွေကြေးရ၍ အလုပ်လုပ်ခဲ့၏ ။ ဤအလုပ်လုပ်ခြင်းကြောင့် တစ်နေ့တာအတွင် ခွန်အား များ ကုန်ဆုံးသွားကြ၏ ။ ဤကုန်ဆုံးသွားသည့် ခွန်အားများ ပြန်လည်ရရှိစေရန် ကိုယ်စိတ်နှစ်ပါးကို အနားပေးရမည် ဖြစ်၏ ။ အနားပေးသည်ဆိုရာတွင် ပျော်ရွှင်စွာအနားပေးခြင်းက လူတစ်ဦးအတွက် ခဏအတွင်း၌ ကုန်ဆုံးသွားသည့်ခွန်အားများကို ပြန်လည်ပြည့်ဖြိုးစေနိုင်၏ ။ ထို့ကြောင့် လူတစ်ဦး အတွက် အပန်းဖြေပျော်ရွှင်ခွင့်ကိုလည်း ယူရမည် ။ ရှိရမည် ဖြစ်၏ ။ ဤသို့ အနားယူအပန်းဖြေ၍ ပျော်ရွှင်မှုတစ်ရပ်ကို ရရှိစေလိုက်ခြင်းဖြင့် ခွန်အားတိုးကာ နောက်ထပ်အသစ်တစ်ဖန် ငွေကြေးဥစ္စာ ရှာနိုင်ရန် အဆင်သင့်ဖြစ်မည် ဖြစ်၏ ။ ထို့ကြောင့် လူသားတစ်ဦးသည် ၎င်းအသက်ရှင်သန်စွာ နေ ထိုင်နိုင်ရန် အရေး (၄) ပါးအတွက် ငွေကြေးသည် မရှိမဖြစ် လိုအပ်လာ၏ ။ ဤငွေကြေးဖြင့် အဆိုပါ အရေး (၄) ပါးကို ဖလှယ်ယူရမည် ဖြစ်၏ ။ ငွေကြေးဖြင်ဖလှယ်၍ ယူရသော အရေး (၄) ပါးဖြင့် လူသားက ၎င်းကိုယ်၎င်း လူတစ်ဦးအတွက် မူလအခွင့်အရေးဖြစ်သည့် အသက်ရှင်သန်စွာ နေထိုင် နိုင်ရေးကို ဖန်တီးတည်ဆောက်ယူရမည် ဖြစ်လေသည် ။ လူ့အခွင့်အရေးဆိုသည်မှာ အသက်ရှင် သန်စွာ နေထိုင်နိုင်ခွင့်ဟူသော မူလအခွင့်အရေးအတွက် လူသားက ၎င်းကိုယ်တိုင်သော်လည်း ကောင်း၊ အခြားသော လူသားအချင်းချင်းကသော်လည်းကောင်း အခွင့်အရေး ရယူခြင်း၊ ပေးအပ် ခြင်း

တို့ ဖြစ်ကြလေသည် ။ ဤသို့သော သဘောသကန်ကို "လူ့အခွင့်အရေး" ဟု ခြုံငုံ၍ ခေါ်ဆိုခြင်း ဖြစ်လေသည် ။

ယနေ့ခေတ်တွင် "လူ့အခွင့်အရေး"ကို ကဏ္ဍစုံမှ ခွဲခြားဖော်ပြကြလေသည် ။ နိုင်ငံရေး၊ စီး ပွားရေး၊ လူမှုရေး၊ သဘာဝ ပတ်ဝန်းကျင်ကောင်းတို့ ဖြင့် နေထိုင်နိုင်မှု အခွင့်အရေးဟူ၍ အခွင့်အ ရေး (၄) မျိုး တွေ့ရပေသည် ။ သက်ဆိုင်ရာ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးတို့ ဟူသည် မူလအခွင့်အရေးအောက်၌ ခေါင်းစဉ်အခွဲငယ်များ အများ အပြား ပါဝင်မည်ဖြစ်လေသည် ။ "လူ့အခွင့်အရေး"ကို ခြုံငုံ၍ သုံးသပ်ကြည့်လျှင် လူတစ်ဦးအတွက် မူလအခွင့်အရေးဖြစ်သော "အသက်ရှင်သန်စွာ ရပ်တည်ရှင်သန်နိုင်ခွင့်" ဟူသောခေါင်းစဉ်ကြီးအောက်၌ အခြားကိုင်းဖြာလက်ခွဲ အခွင့်အရေးများ ပါဝင်မည်ဖြစ်လေသည် ။ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး လွတ်လပ်ခွင့်အခွင့်အရေးဟူသည် မှာ ပင်မရေသောက်မြစ်ကြီးသဖွယ်ဖြစ်သော မူလအခွင့်အရေးကြီး၏ သဘောသရုပ်တို့ သာ ဖြစ်လေသည် ။

လူတစ်ဦးအတွက် မူလအခွင့်အရေးအရ လူတစ်ဦးအား အသက်သေစေရန် အခြားသောလူသားတို့ ၌ အခွင့်အရေးမရှိဟု လူ့အခွင့်အရေးက ဆိုထားလေသည် ။ အခြားသော လူသားတစ်ဦးသေစေရန် လုပ်ကိုင်ဖန်တီးခြင်းသည် လူ့အခွင့်အရေးကို ချိုးဖောက်ခြင်းဖြစ်သည် ဟု လည်း လူ့အခွင့်အရေးကြေညာစာတမ်း၌ ဆိုထားလေသည် ။ လူတစ်ဦးသေစေရန် ကြိုးပမ်းခြင်း၊ အားထုတ်ခြင်း၊ လှုံ့ဆော်ဖန်တီးခြင်း၊ တိုက်တွန်းခြင်း၊ အကြံပြုခြင်း၊ ကြံစည်လုပ်ကိုင်မှုမှန်သမျှတို့ သည် လူ့အခွင့်အရေးကို ချိုးဖောက်ခြင်းမည်၏ ဟု ဆိုထားပေသည် ။ ကြံစည်သည် ၊ ကြိုးပမ်းသည် ၊ အားထုတ်သည် ဆိုရာတွင် အလုပ်ရှင်တစ်ဦးက ၎င်း၏ အလုပ်သမားတစ်ဦးအား လစာမပေးဘဲ အဓမ္မအလုပ်စေခိုင်းခြင်းကဲ့သို့သော သဘော၊ အုပ်ချုပ်သူအစိုးရက ထောင်သွင်းအကျဉ်းချထားသည့် အကျဉ်း

သမားအား ထမင်းမကျွေး၊ ရေမတိုက်၊ သီးသန့်ချုပ်နှောင်ထားခြင်းတို့မှာ လည်း လူ့အခွင့်အရေးကို ချိုးဖောက်ခြင်းမည်ပေ၏ ။ ပြည်သူတို့ ၏ အသက်အိုးအိမ်လုံခြုံမှုကို ကာကွယ်စောင့်ရှောက်ပေးရသော ပြည်သူ့ရဲ တပ်ဖွဲ့ဝင်တစ်ဦးက သံသယအဖြစ်သာ ခံစားခွင့်ရှိရမည်ဖြစ်သော တရားခံမည်သည့် လူတစ်ဦးအား ဖမ်းဆီးနှိပ်စက်ပြီး ဒဏ်ရာအနာတရရစေသည် အထိ စစ်ဆေးမေးမြန်းမှုပြုခြင်းသည် လည်း လူ့အခွင့်အရေးကို ချိုးဖောက်ခြင်းမည်၏ ။ ဤသို့သာမက လူတစ်ဦး အသက်ရှင်သန်စွာ နေထိုင်ရန် လုံ့လထုတ်ကြိုးပမ်းနေစဉ် စိတ်အနှောင့်အယှက်ဖြစ်စေရန် ကြံစည်အားထုတ်ခြင်းပြုရုံဖြင့်လည်း လူ့အခွင့်အရေးကို ချိုးဖောက်ခြင်း ဖြစ်သည် ဟု ဆိုလေသည် ။ ထို့အပြင် ဆန်ရောင်းဝယ်သော ကုန်သည် တစ်ဦးက ၎င်းထုတ်လုပ်ရောင်းချသောဆန်ကို လက်ရှိပေါက်စျေးထက် အဆပေါင်းများ စွာ တင်ရောင်းချခြင်းဖြင့် ငွေကြေးချို့တဲ့ သူ ဆင်းရဲသားများ ထမင်းနပ်မှန်အောင် မစားရစေရန် ကြံစည်ကြိုးပမ်းအားထုတ်ခြင်းမှာ လည်း လူ့အခွင့်အရေးကို ချိုးဖောက်ခြင်းမည်၏ ။ ထို့အပြင် နိုင်ငံတော်အစိုးရမှ ဖြစ်စေ၊ ပုဂ္ဂလိကများမှ ဖြစ်စေ ပြည်သူများ ပညာသင်ကြားစရိတ်၊ ကျန်းမာရေးအတွက် ဆေးကုသစရိတ်ကြီးမားစွာ မြင့်တင်ထားခြင်း၊ ဝင်ငွေနှင့်ထွက်ငွေ မမျှတသော ပြည်သူလူထုထံမှ အခွန်ကဏ္ဍငွေ အဆမတန် ကောက်ခံခြင်း၊ ရောင်းဝယ်ဖောက်ကားမှုအား လွတ်လပ်စွာ မဆောင်ရွက်စေဘဲ နှောင့်ယှက်ဟန့်တားခြင်း၊ ခနဥစ္စာ ပိုင်ဆိုင်မှုအား ကန့်သတ်ချုပ်ချယ်ခြင်း၊ ကျန်းမာရေးနှင့် မညီညွတ်သော သဘာဝ ပတ်ဝန်းကျင်တွင် နေထိုင်စေခြင်း၊ လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲများ မကျင်းပဘဲ မိမိတို့ စိတ်ကြိုက်လူများကိုသာ အုပ်ချုပ်ရေးအဖွဲ့တွင် ပါဝင်စေခြင်း၊ ပြည်သူလူထုတို့ အား လွတ်လပ်စွာ ဟောပြောစည်းရုံးခွ

င့်၊ ဆွေးနွေးတိုင်ပင်ခွင့်ပေးအပ်ခြင်း၊ အုပ်ချုပ်သူများ ၏ မှားယွင်းသော လုပ်ရပ်များ ၊ ဆုံးဖြတ်ချက်များ ၊ လုပ်ငန်းအကောင်ထည်ဖော်မှုများ အပေါ် လွတ်လပ်စွာ ထောက်ပြပြောဆိုခွင့် မပေးခြင်း၊ ထောက်ပြပြောဆိုသူများအား မတရားသဖြင့် ဖမ်းဆီးချုပ်နှောင်ကာ အရေးယူအပြစ်ပေးခြင်း၊ အရေးယူအပြစ်ပေးထားစဉ် အကျဉ်းထောင်အတွင်း၌ လူသားတစ်ဦး၏ ဂုဏ်သိက္ခာကို မထိန်းသိမ်းပေးခြင်း စသည့် အချက်တို့ သည် လူ့အခွင့်အရေးကို ချိုးဖောက်သည် မည်လေ၏ ။

ဤဆိုခဲ့သောအချက်များကို ပြောင်းပြန်လှန်၍ ကြည့်ပါက လူ့အခွင့်အရေးနှင့် လူ့ဂုဏ်သိက္ခာကို လေးစားတန်ဖိုးထားသော လူ့ဘောင်အဖွဲ့အစည်း ဖြစ်လေသည် ။ ထို့ကြောင့် လူ့အခွင့်အရေးဟူသော သဘောသရုပ်မှာ လူသားတစ်ဦး၏ မွေးရာပါမူလအခွင့်အရေးဖြစ်သော အသက်ရှင်သန်စွာ နေထိုင်ရန်အတွက် လိုအပ်သော စား၊ ဝတ်၊ နေရေး၊ အပမ်းဖြေပျော်ရွှင်ရေးတို့ အတွက် ငွေကြေးဥစ္စာ ရှာဖွေရန် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးတည်းဟူသော သဘာဝ လွတ်လပ်ခွင့်ရရှိရန် လိုအပ်လေသည် ။ ဤ သဘာဝ အခွင့်အားလုံး မဟုတ်သော်မှ တချို့တဝက်ရရှိရုံဖြင့်လည်း လူတစ်ဦးအတွက် အသက်ရှင်သန်စွာ နေထိုင်နိုင်ရန် အခက်အခဲများ များ စွာကြုံတွေ့နေလျှင် လူဖြစ်ရှုံးသည် ဟု လောကပါလတရားအရ ရှုမြင်သုံးသပ်ရတော့မည် ဖြစ်လေသည် ။ ဤ အထက်ဆိုခဲ့ပြီးသော အခွင့်အရေးများကို လူသားတိုင်း လူသားတိုင်း ရကြမည်ဖြစ်ရာ ၎င်းအခွင့်အရေးများကို “လူ့အခွင့်အရေး” ဖြစ်သည် ဟု ၁၉၄၈ခုနှစ်၊ ဒီဇင်ဘာလ (၁၀) ရက်နေ့တွင် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ ညီလာခံအစည်းအဝေးကြီးက ဤလူ့အခွင့်အရေး ကြေညာစာတမ်းကြီးကို အတည်ပြုကြေညာလိုက်တော့သည် ။ ထို့ကြောင့် “လူ့အခွင့်အရေး” ဆိုသည် မှာ လူသားတစ်ဦး အတွက် အသက်ရှင်သန်စွာ နေထိုင်နိုင်ရန်

လိုအပ်သော အခွင့်အရေးမှန်သမျှကို “လူ့အခွင့်အ ရေး” ဖြစ်သည် ဟု ဆိုထားလေသည် ။

* * *